# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 4 , 2024 Volume 77, Number 4

၄.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၉၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် စီးပွားရေးဌာန၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ကြီးကြပ်မှု၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ပြည်သူ့အစိုးရ၊ ကွမ်တုရပ်ကွက်ပြည်သူ့အစိုးရ၊ China (Yunnan) Pilot Free Trade Zone International Trade Enterprise Cluster Park တို့၏ပံ့ပိုးမှုဖြင့် ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ ကွမ်းတုရပ်ကွက်၊ China (Yunnan) Pilot Free Trade Zone ၌ မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့) (Myanmar Trade

Center, Kunming) ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက ကူမင်းမြို့တွင် မြန်မာကုန်သွယ်ရေးစင်တာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ သည်။

မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့) ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် စီးပွားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Tang Wai၊ ယူနန်ပြည်နယ် ကူမင်းမြို့ပြည်သူ့အစိုးရမှ ဒုတိယမြို့တော်ဝန်၊ ကွမ်တုပြည်သူ့အစိုးရမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း (၁၅၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့) သည် မြန်မာနိုင်ငံမှ AJ Myanmar Co., Ltd နှင့် တရုတ်နိုင်ငံမှ Kunming Aosidi International Trade Co., Ltd တို့ ပူးပေါင်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ပြီး စင်တာအနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖလှယ်ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုတိုးတက်ရေး၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာစေရေးတို့ကို အဓိကထား၍ အထူးကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး၊ မြန်မာ့ထုတ်ကုန်များကို မိတ်ဆက်ပြသခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်း များကို မိတ်ဆက်ပြသ၍ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး ရှေးရှုဆောင်ရွက် မည်ဖြစ်ကြောင်း သိရသည်။

**Source: https://myantrade-gov-mm**

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့်ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်း သီလဝါအထူးစီးပွားရေးဇုန်သို့ (၂) ကြိမ် သွားရောက်၍ ရင်းနှီးတည်ဆောက်သူ၊ ရင်းနှီးမြှုပ်နှံသူများနှင့် One Stop Service Center မှဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း၊ ယင်းသို့တွေ့ဆုံရာတွင် သီလဝါအထူး စီးပွားရေးဇုန်၏ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိလုပ်ငန်းများမှ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးနှင့် ဆက်စပ်လုပ်ကိုင်ရမည့်လုပ်ငန်းများကို ဌာနအလိုက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေး၊

သီလဝါအထူးစီးပွားရေးဇုန်၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းထားရန်၊ စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာရေးကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းမှာကြားခဲ့ကြောင်း၊ အလားတူ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျောက်ဖြူနှင့်ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှ ဝန်ထမ်းများကိုလည်း တွေ့ဆုံခဲ့ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဇုန်အလိုက် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများက လုပ်ငန်းများအောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းအလိုက်ဆောင်ရွက်ပြီးစီးမှုများ ပြန်လည်သုံးသပ်ရေးနှင့် လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ရေးကိစ္စတွေကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီလုပ်ငန်းအချို့သည် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) မှ ထုတ်ကုန်ပစ္စည်းများကိုဝယ်ယူ၍ ကုန်ကြမ်းအဖြစ် ပိုမိုသုံးစွဲနေကြသည်ကို တွေ့ရသဖြင့် မှတ်တမ်းတင်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာဘဏ်နှင့် CITIC ဘဏ်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များအား သတ်မှတ်ချိန်အတွင်း ပြီးမြောက်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိကုမ္ပဏီများ နိုင်ငံခြားငွေနှင့် ပေးချေဆောင်ရွက်ရာတွင် လက်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိထားသည့် AD ဘဏ်များတွင် ဝယ်ယူပြီးလွှဲပြောင်းမှုအခြေအနေများနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ အပတ်စဉ်အမှာစာတင်ပြမှုအခြေအနေများကိုလည်းကောင်း၊ သီလဝါဇုန်တွင် ဆောင်ရွက်လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များမှ အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေး (၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**Source: https://commerce.gov.mm**

https://myantrade-gov-mm.translate.goog/news?_x_

## မြန်မာ-လာအို ချစ်ကြည်ရေးတံတားနှင့်ချိတ်ဆက်မည့် Thanaleng Dry Port

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် Pacific Trust Link Holding Company Limited

Executive Board of Strategy and Planning မှ ဥက္ကဋ္ဌဖြစ်သူ H.E Mr. Alounkeo Kittikhoun ၏ ဖိတ်ကြားအချက်အရ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ Thanaleng Dry Port သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါလေ့လာမှုအရ Thanaleng Dry Port သည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ မဲခေါင်မြစ်အပေါ် ဖြတ်သန်းတည်ဆောက်ထားသည့် လာအို-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၁) မှ ၁ ကီလိုမီတာအကွာတွင်တည်ရှိကြောင်း၊ အဆိုပါကုန်းတွင်းဆိပ်ကမ်းကို လာအိုနိုင်ငံသားပိုင် Pacific Trust Link Holding Company Limited နှင့် ၎င်း၏ကုမ္ပဏီအခွဲဖြစ်သည့် City Logistic Company တို့က အမေရိကန်ဒေါ်လာ သန်း ၅၀ဝ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ ကုန်းတွင်းဆိပ်ကမ်းစီမံကိန်း၏ ရှေ့ပြေးဖြစ်နိုင်ခြေလေ့လာမှုများကို ဂျပန်နိုင်ငံရှိ JICA အဖွဲ့မှ ၂၀၁၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် နယ်သာလန်နိုင်ငံမှ Royal Hoskoning ကုမ္ပဏီနှင့် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် လာအိုအစိုးရက ခွင့်ပြုခဲ့ရာ ကုန်းတွင်းဆိပ်ကမ်း၏ အခြေခံအဆောက်အဦ တည်ဆောက်မှုလုပ်ငန်းများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့ကာ နိုဝင်ဘာလခန့်တွင် ၁၀ဝ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံ (Land Lock) အဖြစ်မှ ကုန်းမြေချင်းဆက်သွယ်ပေးသည့်နိုင်ငံ (Land Link) တစ်နိုင်ငံအဖြစ်သို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြစ်သည့် National Logistic Strategy 2016–2030 ၏ အစိတ်အပိုင်းအဖြစ် ကုန်းတွင်းဆိပ်ကမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကုန်းတွင်းဆိပ်ကမ်းနှင့်တစ်ဆက်တည်း Export Processing Zone၊ Free Trade Zone၊ Oil Tank Zone၊ Small and Medium Enterprises နှင့် Distribution Zone တို့ပါဝင်သည့် Integrate Logistic Park ကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိပြီး ၂၀၂၆ ခုနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်ရန် မျှော်လင့်ထားကြောင်း၊ အဆိုပါ Logistic Park ကို တည်ဆောက်ပြီးပါက Oil Tank Zone ၌ လာအိုနိုင်ငံအတွက် ပြည်တွင်းလောင်စာဆီသုံးစွဲမှု မပြတ်လပ်စေရေးအတွက် ၆ လ ခန့် အရန်ဆီ သိုလှောင်ထားနိုင်မည်ဖြစ်သည်။

အဆိုပါ Dry Port အား လက်ရှိအချိန်တွင် လာအို-ထိုင်း ရထားလမ်းနှင့် လာအို-တရုတ် ရထားလမ်းတို့နှင့် ချိတ်ဆက်ထားရှိပြီး အာဆီယံဒေသထွက်ကုန်များကို တရုတ်နိုင်ငံနှင့် တရုတ်-ဥရောပ ရထားလမ်းနှင့် ချိတ်ဆက်၍ ဥရောပနိုင်ငံများအထိ ချိတ်ဆက်တင်ပို့လျက်ရှိကြောင်း၊ အနာဂတ်တွင် လာအို-ဗီယက်နမ်ရထားလမ်းစီမံကိန်းနှင့် ဗီယက်နမ်နိုင်ငံ Ha Tinh ပြည်နယ်ရှိ Bang Ang Seaport တို့နှင့် ပစိဖိတ်ဒေသရှိ ဆိပ်ကမ်းနိုင်ငံများသို့ ကုန်ကျစရိတ်သက်သာသည့် နှုန်းထားများဖြင့် ချိတ်ဆက်ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Thanaleng Dry Port သည် ၂၀၂၂ ခုနှစ်အတွင်း၌ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ တရုတ်နှင့်ရုရှားနိုင်ငံသို့ ကွန်တိန်နာအလုံးရေ ၄၉,၁၈၃ လုံး သယ်ယူပို့ဆောင်နိုင်ခဲ့ကြောင်း၊ ၎င်းသည်လာအိုနိုင်ငံ၏ Dry Port ၉ ခုအနက် အဓိကအကျဆုံးနှင့် နိုင်ငံတကာအသိအမှတ်ပြု ကုန်းတွင်းဆိပ်ကမ်းတစ်ခုဖြစ်ပြီး လာအို-တရုတ်ရထားလမ်းနှင့် လာအို-ထိုင်းရထားလမ်းတို့နှင့် ချိတ်ဆက်ထားသဖြင့် အာဆီယံ-တရုတ်-ဥရောပ-ဗဟို အာရှနိုင်ငံများအကြား ချိတ်ဆက်ပေးသည့် ကုန်စည်ပို့ဆောင်ရေးကွန်ရက်တစ်ခုဖြစ်ကြောင်း သိရသည်။

အနာဂတ်တွင် လာအို-မြန်မာချစ်ကြည်ရေးတံတားကိုဖြတ်သန်း၍ အဆိုပါ Thanaleng Dry Port ကို အသုံးပြုလျက် မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ ကုန်စည်ပို့ဆောင်ရေးနှင့်တစ်ဆင့်ခံ ကုန်စည်ပို့ဆောင်ရေးကဏ္ဍများတွင် နှစ်ဖက်အကျိုးတူဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရှိသဖြင့် မြန်မာနိုင်ငံသို့သွားရောက်၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်နှင့် ကုန်းတွင်းဆိပ်ကမ်းများနှင့် Integrated Logistic Hub စီမံကိန်းများဆောင်ရွက်ရန်ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါကွန်ရက်ကို ချိတ်ဆက်ကာ စီးပွားရေးနှင့်ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါကြောင်း မြန်မာသံအမတ်ကြီးက အကြံပြုခဲ့ကြောင်းသိရသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ရခိုင်ငှက်ပျောနှင့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၂၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ရခိုင်ငှက်ပျောနှင့်ဖီးကြမ်း ငှက်ပျောသီးအဖီးရေ ၂၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ရခိုင်ငှက်ပျောနှင့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၂၁၀,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်းက ရခိုင်ငှက်ပျောနှင့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၂၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်မှာ ရခိုင်ငှက်ပျောနှင့်ဖီးကြမ်းငှက်ပျောသီးအမျိုးအစားကို အများဆုံးစိုက်ပျိုးပါတယ်။ လက်ရှိဒေသထွက်ငှက်ပျောသီးတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဈေးကောင်းရရှိနေတော့ ငှက်ပျောစိုက်ပျိုးရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ်ငှက်ပျောသီးတွေက အရည်အသွေးလဲကောင်းတာ တွေ့ရပါတယ်။ ရန်ကုန်ဘက်မှာက ငှက်ပျောသီးနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာလို့ဖြစ်ပါတယ်”ဟု ဒေါ်မိုးသူဇာက ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၅,၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဘီးလင်းမြို့အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်ပေါ်၍ တောင်သူများအကျိုးအမြတ်ရ



ပဲတီစိမ်းသည် ဈေးကွက်ရရှိနေသော ဆောင်းသီးနှံတစ်ခုဖြစ်ပြီး ၎င်းကို စပါးရိတ်သိမ်းပြီး သီးထပ်သီးနှံအဖြစ်လည်း ကိုင်း၊ လယ်မြေများပေါ်တွင် စိုက်ပျိုးကြသည်။ ယခုအခါ ပဲတီစိမ်းများကို ရိတ်သိမ်းနေပြီဖြစ်ပြီး ၎င်းမှာဈေးကွက်ရနေသော ဆောင်းသီးနှံတစ်ခုဖြစ်သည်။

ဘီးလင်းမြို့နယ်တွင် ယခင် (၂၀၂၂-၂၀၂၃) ခုနှစ်၌ ပဲတီစိမ်း စိုက်ဧက ၁၇၂၀၀ဧကစိုက်ပျိုးခဲ့ပြီး ယခု (၂၀၂၃-၂၀၂၄) ခုနှစ်တွင် ၁၇,၈၄၀ ဧကပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း ပဲတီစိမ်းများ စတင်လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။ (၂၀-၃-၂၀၂၄) ရက်နေ့တွင် ပဲတီစိမ်းတစ်တင်းဈေးနှုန်းမှာ (၇၃,၀၀၀)ကျပ် ဈေးပေါက်နေခဲ့ပြီး ယခင်နှစ် အလားတူအချိန်တွင် ပဲတီစိမ်းဈေးနှုန်း (၆၀,၀၀၀)ကျပ်ဈေးပေါက်ခဲ့သည်။ ဘီးလင်းမြို့နယ်တွင် ကျေးရွာအုပ်စု (၅၁)အုပ်စုရှိပြီး နှင်းပုလဲ၊ ရွှေလေ့၊ ညောင်ပလ္လင်၊ လိပ်ခုံး၊ ကျောက်ရေတွင်း၊ တောင်ကြီး၊ ဝင်းက၊ ကင်းရွာ၊ ပေါက်တော၊ မရမ်းကုန်း၊ ဇုတ်ကလိကျေးရွာများတွင် ယခုနှစ် ပဲတီစိမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှအားဖြင့် (၁၈)တင်းနှုန်းထွက်ကြောင်း၊ ပဲတီစိမ်းများကို ပဲခူး၊ ဒိုက်ဦးမြို့များသို့ တင်ပို့ရောင်းချနေကြောင်း တောင်သူများထံမှသိရပြီး၊ ပဲတီစိမ်းအထွက်တိုးအောင် စိုက်ပျိုးလာနိုင်သည်နှင့်အမျှ တောင်သူများဝင်ငွေတိုးပြီး လူနေမှုအဆင့်မြင့်မားလာနိုင်ကြောင်းကို အကြံပြုဆွေးနွေးခဲ့ကြောင်းသိရသည်။

**Source:** https://www.doca.gov.mm

https://myantrade-gov-mm.translate.goog/news?

# STOCK EXCHANGE (4.4.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Apr. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 150 | 1,260,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 233 | 665,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 0 | 0 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,518 | 3,794,850 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 226 | 392,950 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 13 | 60,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1,111 | 2,055,350 | 23,804,946 | 44,039 |


YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 3rd Apr. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 150 | 1,260,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 233 | 665,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 0 | 0 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,518 | 3,794,850 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 226 | 392,950 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 13 | 60,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1,111 | 2,055,350 | 23,804,946 | 44,039 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 4th Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,640 (Shares) | 6,386,350 (MMK) |

| MYANPIX | 360.13 ▲ 2.01 |
|---|---|
| Total Volume (shares) | 1,640 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 679,267 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 50 |